# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

**e-Newsletter**

Vol.2 No.7 July


## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးများကျင်းပခြင်း




ဇွန်လ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၆/ ၂၀၂၃) ကို ၂၇-၆-၂၀၂၃ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေး နှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များ နှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများကတင်ပြ ဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၆/၂၀၂၃) ကို ၆ – ၆ –၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေးကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## ဌာနအလိုက် လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာတင်ပြဆွေးနွေးခြင်း အစီအစဉ်ကျင်းပခြင်း




ဇွန်လ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ရုံးဝန်ထမ်းများ လူ့အခွင့်အရေးအသိပညာဗဟုသုတတိုးပွားလာစေရန်နှင့် အင်္ဂလိပ်စာစွမ်းရည် တိုးတက်မြင့်မားလာစေရန် ရည်ရွယ်လျက် ၂၀၂၂ ခုနှစ်၊ မေလမှစတင်၍ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများကို အင်္ဂလိပ်ဘာသာဖြင့်ဆွေးနွေးတင်ပြသည့်အစီအစဉ်ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၈-၆-၂၀၂၃ ရက်နေ့ နေ့လယ် ၁၃:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးများနှင့် ကော်မရှင်ရုံး (ရုံးချုပ်နှင့်ရုံးခွဲ) များမှ အရာထမ်း၊ အမှုထမ်းများတက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားတွင်ကော်မရှင်ဥက္ကဋ္ဌမှအဖွင့်အမှာစကားပြောကြားပြီး စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနမှ Non-Discrimination ခေါင်းစဉ်ဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မီမီစန်းအောင်နှင့် ဦးစီးအရာရှိများဖြစ်ကြသော ဦးမြတ်သူရနှင့် ဒေါ်ဇင်ဇင်မြင့်မောင်တို့က ဆွေးနွေးတင်ပြခဲ့ပါသည်။ ဆက်လက်၍ ဆွေးနွေးတင်ပြမှုအပေါ် ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့်အရာထမ်း/အမှုထမ်းများကလိုအပ်သည်များအကြံပြုဆွေးနွေးကြပြီးနောက် သိရှိလိုသည့်မေးခွန်းများကိုမေးမြန်းခဲ့ကြပါသည်။ ဆွေးနွေးခြင်းအစီအစဉ် ကို ၁၄:၃၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



---

## မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆိုခြင်းအထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကျင်းပ



ဇွန်လ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် “မြန်မာအမျိုးသမီးများနေ့” အား ဂုဏ်ပြုကြိုဆိုခြင်း အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို ကော်မရှင်ရုံး Conference Room တွင် ၃၀-၆-၂၀၂၃ ရက်နေ့ ၁၀:၀၀ နာရီအချိန်မှ ၁၁:၃၀ နာရီအချိန်အထိ Hybrid System ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်

များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၆၀) ဦး တက်ရောက်ခဲ့ကြပါသည်။ "မြန်မာအမျိုးသမီးများနေ့" အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW) ပါ အမျိုးသမီးများ၏ အခွင့်အရေးများအကြောင်းကို ကဏ္ဍအလိုက် ဆွေးနွေးဟောပြောခဲ့ပါသည်။ ထို့နောက် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသား အဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၂၃-၂၀၃၂) NSPAW Phase II ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် အခမ်းအနားကို ၁၁:၃၀ နာရီ အချိန်တွင်ရုပ်သိမ်းခဲ့ပါသည်။



## အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW ) ပါ အမျိုးသမီးများ၏ အခွင့်အရေးများအကြောင်းကို ဆွေးနွေးဟောပြောခြင်း



ဇွန်လ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)၊ လုပ်ငန်းစီမံချက် (၂၀၂၃ ခုနှစ်) တွင် "အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အမျိုးသမီးအခွင့်အရေးများကို ရှင်းလင်းခြင်း" ကို ဆောင်ရွက်ရန်ပါရှိပါသည်။ ယင်းနှင့် စပ်လျဉ်း၍ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာအမျိုးသမီးများနေ့အကြိုဟောပြောပွဲကို၃၀-၆-၂၀၂၃ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ မြင့်သူမြိုင်က အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW) ပါ အမျိုးသမီးများ၏ အခွင့်အရေးများအကြောင်းကို ဆွေးနွေးဟောပြောခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဘာသာပြန်ဆိုရေးအဖွဲ့ အစည်းအဝေးများ ပြုလုပ်ခြင်း



ဇွန်လ ၁၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)၊ လုပ်ငန်းစီမံချက် (၂၀၂၃ ခုနှစ်) တွင် "မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုခြင်း" ကို ဆောင်ရွက်ရန်ပါရှိပါသည်။ ယင်းနှင့် စပ်လျဉ်း၍ ကော်မရှင်ဥပဒေ

ဆိုင်ရာလုပ်ထုံးလုပ်နည်းဘာသာပြန်ဆိုရေးအဖွဲ့သည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခြင်းကို ၈-၆-၂၀၂၃ ရက်နေ့၊ ၁၂-၆-၂၀၂၃ ရက်နေ့၊ ၁၃-၆-၂၀၂၃ ရက်နေ့၊ ၁၅-၆-၂၀၂၃ ရက်နေ့နှင့် ၁၆-၆-၂၀၂၃ ရက်နေ့တို့တွင် အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါသည်။

---

## 75th UDHR Campaign များဆောင်ရွက်ရေး ညှိနှိုင်းကြီးကြပ်ရေးကော်မတီ အစည်းအဝေးကျင်းပခြင်း

ဇွန်လ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌၉-၆-၂၀၂၃ရက်နေ့၊၁၃:၀၀နာရီအချိန်တွင်ကော်မရှင်ရုံး Conference Room ၌ 75th UDHR Campaign များဆောင်ရွက်ရေး ညှိနှိုင်းကြီးကြပ်ရေး ကော်မတီ အဖွဲ့ အစည်းအဝေးကို ကျင်းပဆောင်ရွက်ခဲ့ရာ အဖွဲ့ခေါင်းဆောင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ဒုတိယအဖွဲ့ခေါင်းဆောင် ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်၊ အဖွဲ့ဝင်များဖြစ်ကြသော ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်၊ ဦးကျော်မြင့်၊ အတွင်းရေးမှူးညွှန်ကြားရေးမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် 75th UDHR Campaign များဆောင်ရွက်ရေးညှိနှိုင်းကြီးကြပ်ရေးကော်မတီ အဖွဲ့ခေါင်းဆောင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများမှ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်တေးသီချင်း စပ်ဆိုနိုင်ရေး၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း တိုင်းရင်းသား ဘာသာစာအုပ်များ (လော်ဝေါ်ဘာသာနှင့် နာဂဘာသာ)ပုံနှိပ်ထုတ်ဝေနိုင်ရေး၊ဆောင်းပါး Logo ပြိုင်ပွဲကိစ္စရပ်များနှင့် Website နှင့် Mobile app များတွင်သတင်းများ၊ဗွီဒီယိုဖိုင်များတင်နိုင်ရေးဆောင်ရွက်ရန်ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါသည်။ အစည်းအဝေးအား ၁၅:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

---

## ၂၀၂၃ - ၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့အသုံးစရိတ်မှ စာအုပ်များ ပုံနှိပ်ထုတ်ဝေနိုင်ရေး အစည်းအဝေးကျင်းပခြင်း

ဇွန်လ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ တင်ဒါကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်၊ ဦးပေါ်လွင်စိန်နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့ ဦးဆောင်သော တင်ဒါကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃)ကို ၂၀-၆-၂၀၂၃ ရက်နေ့ ၁၃:၀၀ နာရီ အချိန် ကော်မရှင်ရုံး Conference Room တွင်၂၀၂၃-၂၀၂၄ခုဘဏ္ဍာရေးနှစ်အတွက်ထောက်ပံ့အသုံးစရိတ်မှ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာနက ပုံနှိပ်ရန်ရှိသော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေ (စာရွက်အကြမ်း)၊ စာရွက်အချော (အင်္ဂလိပ်+မြန်မာ)နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ရုပ်ပြအိပ်ဆောင်စာအုပ်များ ပုံနှိပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် တင်ဒါကော်မတီဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က အဖွင့်အမှာစကားပြောကြားပါသည်။ထို့နောက်၂၀၂၃-၂၀၂၄ခုဘဏ္ဍာရေးနှစ်ထောက်ပံ့အသုံးစရိတ်မှ ပုံနှိပ်ရန်ရှိသော စာအုပ်များ၊ ပုံနှိပ်မည့် ပုံနှိပ်တိုက်၊ Quotation ခေါ်ယူထားသည့် ပုံနှိပ်တိုက် (၃)ခုမှ ကျသင့်ငွေများ နှိုင်းယှဉ်သုံးသပ်ခြင်းနှင့် ပေးချေရမည့်ကျသင့်ငွေများတွင်ဘဏ္ဍာရေးလုံလောက်မှု ရှိ/မရှိကို ဝိုင်းဝန်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တင်ဒါကော်မတီဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က နိဂုံးချုပ်စကားပြောကြားခဲ့ပြီး အစည်းအဝေးကို ၁၅:၂၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ရန်ကုန်) အား ကြည့်ရှုစစ်ဆေးခြင်း



ဇွန်လ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ၁၅-၆-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ နတ်မောက် လမ်းသွယ်ရှိ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းအား သွားရောက် ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းအတွင်း လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသော သင်တန်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှုအခြေအနေ၊ အိပ်ဆောင်များထားရှိမှု အခြေအနေ၊ နိုင်ငံသား စိစစ်ရေးကဒ် ရရှိမှုအခြေအနေ၊ သန့်ရှင်းသောသောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စသည့်အခြေခံ လူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းအားကြည့်ရှုစစ်ဆေးရေးခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါသည်။



## သန်လျင်လူငယ်သင်တန်းကျောင်း (ရန်ကုန်) အား ကြည့်ရှုစစ်ဆေးခြင်း

ဇွန်လ ၂၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ၂၆-၆-၂၀၂၃ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်ရှိ သန်လျင် လူငယ်သင်တန်းကျောင်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် သန်လျင်လူငယ်သင်တန်းကျောင်းအတွင်း လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသောသင်တန်းသားများအားကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအစာကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသောသောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံ





လူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ သန်လျင်လူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးရေး ခရီးစဉ် အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

---

## ဇူလိုင်လ (၃) ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း

ဇွန်လ ၃၀ ရက်

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် ကျရောက်မည့် “မြန်မာအမျိုးသမီးများနေ့” ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူး၍ စာတမ်းဖတ်ပွဲ အခမ်းအနားကို နေပြည်တော်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၌ ၃၀-၆-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

---



**စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေးကျင်းပခြင်း**

## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း


လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၃ ခုနှစ်၊ မေအတွင်း တိုင်တန်းချက် (၂၉) စောင်၊ ဧပြီလ လက်ကျန် (၅) စောင်၊ စုစုပေါင်း (၃၄) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၄) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ လည်းကောင်း၊ တိုင်တန်းချက် (၂) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၁၉) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရ လည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေ ပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီ၍လည်းကောင်း၊ စောင့်ဆိုင်း အနေဖြင့်လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။ မေလတွင် တိုင်တန်းချက် လက်ကျန် ၉ စောင် ရှိပါသည်။

---

### ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း

အပိုဒ် ၄

မည်သူ့ကိုမျှ ကျေးကျွန်အဖြစ် သို့မဟုတ် ကျေးကျွန်ကဲ့သို့ မပြုရ။ ကျွန်ပြုခြင်းနှင့် ကျွန် အရောင်းအဝယ်ပြုခြင်းပုံစံ အားလုံးကို ပိတ်ပင်တားမြစ်ရမည်။



# အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၂၃-၂၀၃၂) မူဘောင် (မူကြမ်း) ရေးသားထားမှုနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခြင်း



ဇွန်လ ၇ ရက်

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)မူဘောင် (မူကြမ်း) ရေးသားထားမှုနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲအား၇-၆-၂၀၂၃ရက်နေ့တွင်နေပြည်တော်ရှိမင်္ဂလာသီရိဟိုတယ်၊ ရွှေဘိုခန်းမ၌ နံနက် ၁၀ နာရီမှ နေ့လယ် ၁၂:၀၀ နာရီထိ ကျင်းပခဲ့ရာ အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။အဆိုပါဆွေးနွေးပွဲသို့အမျိုးသမီးများနှင့်လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်နှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် အခြားလုပ်ငန်းကော်မတီ၁၁ခုမှဥက္ကဋ္ဌနှင့်၊အတွင်းရေးမှူးများ၊ ကိုယ်စားလှယ်များနှင့်အတူ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေးဖွဲ့စည်းထားသော လုပ်ငန်းကော်မတီ ၁၂ ရပ်မှ ရေးဆွဲသည့် မူကြမ်းပုံစံ တစ်ပြေးညီရှိစေရေး၊ မဟာဗျူဟာစီမံကိန်းသည် ၁၀ နှစ်တာကာလ ရှိမည်ဖြစ်သည့်အတွက် ခေတ်ကာလနှင့်လိုက်လျောညီထွေဖြစ်စေရေး၊ Digital Literacy၊ Financial inclusion၊ Research၊ Implementation စသည့် ကဏ္ဍများ ထည့်သွင်းရေးဆွဲရေး၊ NSPAW Phase II ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်အရ တိုင်းရင်းသား အခွင့်အရေးများကို ကဏ္ဍစုံတွင် ထည့်သွင်းရေးဆွဲရေး၊ လုပ်ငန်းကော်မတီများ ကိုးကားနိုင်ရန် နမူနာရေးဆွဲထားသည့် မူကြမ်းအား ပြင်ဆင်၊ ဖြည့်စွက်၊ အတည်ပြုရေး၊ လုပ်ငန်းကော်မတီအသီးသီးမှ ရေးဆွဲထားသည့် မူကြမ်းအား ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ပေးပို့နိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြပါသည်။

ညှိနှိုင်းဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အစည်းအဝေးအတွင်း ဆွေးနွေးကြသည့် အကြောင်းအရာများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အကြောင်းအရာများဖြစ်ပါကြောင်း၊အမျိုးသမီးကဏ္ဍနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီများမှ ရေးဆွဲထားသည်များအတိုင်း အကောင်အထည်ဖော်နိုင်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်သဖြင့် စနစ်တကျနှင့် အချိန်မီ ပြီးစီးနိုင်ရေး လုပ်ငန်းကော်မတီအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် ပြောကြားခဲ့ပါသည်။

လုပ်ငန်းကော်မတီများမှ ရေးဆွဲထားသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း ( ၂၀၂၃-၂၀၃၂) မူကြမ်း တင်ပြသည့် အစည်းအဝေးအား ၂၀၂၃ ခုနှစ် ဩဂုတ်လ နောက်ဆုံးပတ်တွင် ကျင်းပသွားရန်ရှိကြောင်း သိရှိရပါသည်။



## စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

ဇွန်လ ၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဖွင့်လှစ်လျက်ရှိသော စုံစမ်းရေးမှူး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်း အမှတ်စဉ် (၄) ၌ ၂-၆-၂၀၂၃ ရက်နေ့တွင် ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီထိ လူ့အခွင့်အရေးစံတန်ဖိုးများ သင်ခန်းစာဘာသာရပ်ကို သွားရောက်ပို့ချခဲ့ပါသည်။

သင်တန်းတွင် စုစုပေါင်းသင်တန်းသားဦးရေ (၂၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှုခင်းရဲတပ်ဖွဲ့ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ



ဇွန်လ ၁၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက် ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက်အခါသမယတွင်လူ့အခွင့်အရေးမြှင့်တင်ပညာ ပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင် ဖွင့်လှစ်လျက်ရှိသော စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၂/၂၀၂၂) ၌ ၁၂-၆-၂၀၂၃ ရက်နေ့ မွန်းလွဲ ၁၂:၃၀ နာရီမှ ၁၄:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအကြောင်း သိကောင်းစရာ စသည့် သင်ခန်းစာဘာသာရပ်များ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၁၂၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## ကော်မရှင်ရုံး ဝန်ထမ်းရေးရာအကြံပေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ




ဇွန်လ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဝန်ထမ်းရေးရာ အကြံပေး အစည်းအဝေးကို ၃၀-၆-၂၀၂၃ ရက်နေ့တွင် ကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ ကော်မရှင်ရုံး ဝန်ထမ်းရေးရာ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများတက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ကော်မရှင်ရုံးဝန်ထမ်းရေးရာ အကြံပေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး စီမံရေးရာနှင့်ဘဏ္ဍာရေးဌာန ယာယီဌာနတာဝန်ခံက ကော်မရှင်ရုံး၏ ဖွဲ့စည်းပုံအင်အား၊ လစ်လပ်အင်အား၊ အသုံးပြုနိုင်မည့်ငွေစာရင်း ဘတ်ဂျက်တို့ကို တင်ပြဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ ကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံရုံးလုပ်ငန်း သင်တန်းဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်၍ တက်ရောက်ရမည့်အဆင့်၊ ဖွင့်လှစ်မည့်ရက် သတ်မှတ်ပေးနိုင်ရေး တင်ပြဆွေးနွေးပါသည်။ထို့နောက် ကော်မရှင်ရုံးဝန်ထမ်းများ၏ အငှားအိမ်ရာများ ရရှိပါက အိမ်ဆောင်နေရာချထားရေးအဖွဲ့ ဖွဲ့စည်းပေးနိုင်ရေးနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကော်မရှင် ရုံးဝန်ထမ်းရေးရာအကြံပေးအဖွဲ့ဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၄:၁၀ နာရီ အချိန်တွင်ရုပ်သိမ်းခဲ့ပါသည်။



## ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း







ဇွန်လ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများအား တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ

ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ဌာနတာဝန်ခံများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားကို ၁၅:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း( ၅၆ ) ဦး တက်ရောက်ခဲ့ကြပါသည်။

---

## ရုံးသုံးစက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂ ပစ္စည်းများ၏ အနည်းဆုံးအသုံးပြုမှု သက်တမ်းနှင့်တန်ဖိုးလျှော့ရာခိုင်နှုန်းသတ်မှတ်နိုင်ရေးအတွက် သဘောထား တောင်းခံလာမှုအပေါ် အစည်းအဝေးကျင်းပခြင်း

ဇွန်လ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ၁၄-၆-၂၀၂၃ ရက်နေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရုံးသုံးစက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများ၏ အနည်းဆုံး အသုံးပြုမှု သက်တမ်းနှင့်တန်ဖိုးလျှော့ ရာခိုင်နှုန်း သတ်မှတ်နိုင်ရေးအတွက် ကော်မရှင်ရုံးသို့ သဘောထား တောင်းခံလာပါသဖြင့် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဌာနတာဝန်ခံများနှင့် စီမံရေးရာဌာနနှင့် ဘဏ္ဍာရေးဌာနမှ ဝန်ထမ်းများ တက်ရောက်၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ကော်မရှင်၏ သဘောထားမှတ်ချက်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အမြန်ပေးပို့နိုင်ရေးအတွက် အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ကော်မရှင်၏ သဘောထားမှတ်ချက် ပေးပို့ခဲ့ပါသည်။

---

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်သည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးစရိတ်များသုံးစွဲမည့် အစည်းအဝေးသို့တက်ရောက်ခြင်း

ဇွန်လ ၂၉ ရက်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ၂၉-၆-၂၀၂၃ ရက်နေ့၊ ၁၃:၀၀ နာရီ အချိန် ကျင်းပပြုလုပ်သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးစရိတ်များ သုံးစွဲမည့်ကိစ္စနှင့် စပ်လျဉ်း၍ အစည်းအဝေးကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်နှင့်ဒုတိယညွှန်ကြားရေးမှူးဦးဟန်ကိုကိုမျိုးတို့တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင်ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်က ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ထိခိုက်ပျက်စီးမှုများစာရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးများကို ဆွေးနွေးခဲ့ကြပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ




ဇွန်လ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယ တွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင် ရွက်လျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်း၊ အမှတ်စဉ် (၁၃)နှင့် အဆင့်မြင့်အရာထမ်း သင်တန်း၊ အမှတ်စဉ် (၁၄) တို့သို့ ၂၇-၆-၂၀၂၃ ရက်နေ့ ၀၈:၀၀ နာရီအချိန်မှ ၁၁:၅၀ နာရီအချိန်ထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က လူ့အခွင့်အရေးအခြေခံ အယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်များပို့ချခဲ့ပါသည်။ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း၊ အမှတ်စဉ် (၁၃) ၌ သင်တန်းသားဦးရေ (၂၁) ဦးနှင့် အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၁၄) ၌ သင်တန်းသားဦးရေ (၄၂) ဦး စုစုပေါင်း သင်တန်းသားဦးရေ (၆၃) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကိုမေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ပြန်လည်ဖြေကြားခဲ့ပါသည်။




---

## အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခြင်း

ဇွန်လ ၂ ရက်

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (CEDAW) ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာရေးသားရေးအဖွဲ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကိုယ်စားလှယ်အဖြစ် ဥပဒေရေးရာဌာနမှ ညွှန်ကြားရေးမှူးကပါဝင်ဆောင်ရွက်လျက်ရှိပြီး ၂-၆-၂၀၂၃ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာ ရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး" သို့ တက်ရောက် ဆွေးနွေးခဲ့ပါသည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ

ဇွန်လ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း (မင်္ဂလာဒုံ) တွင် ဖွင့်လှစ်လျက်ရှိသော စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်း၌ ၂၇-၆-၂၀၂၃ ရက်နေ့ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ဦးရေ (၁၀၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။



---

"Human rights education is much more than a lesson in schools or a theme for a day; it is a process to equip people with the tools they need to live lives of security and dignity."

**"လူ့အခွင့်အရေး ပညာပေးခြင်းသည် ကျောင်းသင်ခန်းစာတစ်ခု (သို့) တစ်နေ့တာ အကြောင်းကိစ္စ တစ်ခုထက်များစွာပိုသည်၊ ယင်းသည် လူအများအား ဘဝတွင် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန် လိုအပ်သော ကိရိယာတန်ဆာပလာများ တပ်ဆင်ဖြည့်ဆည်းပေးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။"**

Kofi Annan (1938– 2018)

# ကဗျာကဏ္ဍ

## အမျိုးသမီးများအတွက် CEDAW

အမျိုးသမီးများအဖြစ်မွေးဖွားလာ
ဤမြေကမ္ဘာပေါ်မှာ
တန်းတူပေးပါအခွင့်အရေးများ
အမျိုးသားများအလား။
ပညာသင်မယ် မဲပေးမယ်
လုပ်ငန်းခွင်လည်းတန်းတူကွယ်
ကလေးသူငယ်ပျိုးထောင်ရေး
အမျိုးသားများလည်းတာဝန်ယူပေး
သားဆက်ခြားမှုအပါကွယ်
ကျန်းမာရေးစောင့်ရှောက်မှုလည်းပေးရမယ်။
အိမ်ထောင်ဘက်ကိုရွေးချယ်မှု
တန်းတူအခွင့်ရေးနဲ့လွတ်လပ်မှု
လုံလောက်တဲ့လူမှုဘဝရရှိရေး
အာမခံချက်ပေးစို့လေး။
အမျိုးသမီးများဘဝတန်းတူညီဖို့
ဥပဒေဆွဲကာ ကာကွယ်လို့
CEDAW ကိုလည်း လိုက်နာစို့။

မေရှုလိုင်

# ENGLISH SECTION

## Talk Show Launch to Celebrate Myanmar Women’s Day



June 30

In an effort to honor Myanmar Women's Day, which is scheduled for 3rd July 2023, the Myanmar National Human Rights Commission has initiated a commemorative talk show. The talk show, dedicated to Myanmar Women's Day, was held simultaneously through a hybrid system and took place at the Commission's Conference Room at 10 a.m. on 30 June 2023.

The ceremony was attended by the Commission's Chairperson, Commissioners, Deputy Director General, Directors, and a total of 60 staff members from the divisions, who participated via video conferencing and in person. The ceremony began with a presentation on the Convention on the Elimination of All Forms of Discrimination against Women (CEDAW) by Dr. Myint Thu Myaing, Commissioner of the Myanmar National Human Rights Commission, addressing women's rights in respective sectors. Then, U Zaw Lwin Htoo, Director of the Human Rights Promotion and Education Division, presented the National Strategic Plan for the Development of Women (2023–2032) NSPAW Phase II. The ceremony concluded at 11:30 am.



## Presenting the Women Rights as regards the Convention on the Elimination of All Forms of Discrimination against Women (CEDAW)



June 30

In accordance with the Strategic Plan (2020–2024) and Operational Plan (2023) of the Myanmar National Human Rights Commission, one of the activities is "Presenting the Women Rights as regards the Convention on the Elimination of All Forms of Discrimination against Women (CEDAW)". In an effort to honor Myanmar Women's Day, which is scheduled for 3rd July 2023, a commemorative talk show was held on 30 June 2023. Dr. Myint Thu Myaing, a member of the Commission, delivered women's rights under the Convention on the Elimination of All Forms of Discrimination against Women (CEDAW).

---

## The Meeting on translating the Procedures of the Myanmar National Human Rights Commission Law into English Language



June 16

In accordance with the Strategic Plan (2020–2024) and Operational Plan (2023) of the Myanmar National Human Rights Commission, one of the activities is "Translating the Procedures of the Myanmar National Human Rights Commission Law into English Language". In this regard, the Commission Procedures Amendment Group held meetings on the translation of the Procedures relating to the Myanmar National Human Rights Commission Law from Myanmar into English on 8, 12, 13, 15 and 16 June 2023.

---

## Attending the "2023, Myanmar Women's Day Commemorative Symposium"

June 30

Daw Nu Nu Yin, a member of the Commission, attended "2023, Myanmar Women's Day Commemorative Symposium". Myanmar National Committee on Women hosted in celebration of the "Myanmar Women's Day" that will fall on 3 July 2023, at Myanmar Women's Affairs Federation, Nay Pyi Taw held on 30 June 2023.

## MNHRC Gives Human Rights Lecture at Investigation Training School (Taungoo) of Bureau of Special Investigation

June 2

Myanmar National Human Rights Commission is striving for promoting public awareness of human rights through the provision of information and education by all means as much as possible under Section 22 (a) of the Myanmar National Human Rights Commission Law and is also gearing itself up for more activities of human rights promotion and education on the 75th anniversary of Universal Declaration of Human Rights.

U Phone Kywe, Director General gave lectures on human rights at Capacity Building Course for Investigator (No.4) held at Investigation Officer Training School (Taungoo) of Bureau of Special Investigation on 2 June 2023 from 13:00 pm to 15:50 pm. In doing so, Director General U Phone Kywe delivered the lecture on Human Rights Norms. After that the lecturer answered the questions asked by trainees. A total of 20 staff officers attended the above-mentioned course.

## MNHRC Gives Human Rights Lecture at Detective Training School (Insein)



June 12

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Director General U Phone Kywe gave the lectures on human rights at the Detective Officer Training Course (192/2022) held at Detective Training School (Insein) on 12 June 2023 from 12:30 pm to 2:55 pm. In doing so, Director General U Phone Kywe delivered the lectures on Human Rights Concept, the Organization and Functions of Myanmar National Human Rights Commission and related issues to Protection of Human Rights. After that the lecturer answered the questions asked by the trainees. A total of 120 officers attended the above-mentioned course.

## MNHRC Gives Human Rights Lecture at Civil Service Academy (Upper Myanmar)

June 27

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Khine Khine Win, the Deputy Director General gave lectures on human rights at the Management Course for Executive Level Officials No. (13) and

the Management Course for Senior Level Officials No. (14) held at the Civil Service Academy (Upper Myanmar) on 27 June 2023 from 8:00 am to 11:50 am. In doing so, Deputy Director-General, Dr. Khine Khine Win delivered the lectures on Human Rights Concept, Universal Declaration of Human Rights (UDHR) and the Establishment of Myanmar National Human Rights Commission and its Activities. After that the lecturer answered the questions asked by the trainees. A total of 63 Senior Officials attended the above-mention courses; 21 Deputy Directors-General on the Management Course for Executive Level Officials No. (13) and 42 Directors on the Management Course for Senior Level Officials No. (14).



## Attending the Coordinating Meeting of Convention on the Elimination of All Forms of Discrimination Against Women (CEDAW) Sixth Report Writing Group"

June 2

The Director of the Legal Affairs Division participated as a representative of the Myanmar National Human Rights Commission in the United Nations Convention on the Elimination of All Forms of Discrimination Against Women (CEDAW) Sixth Report Writing Group. A Director attended and discussed at "the Coordinating Meeting of Convention on the Elimination of All Forms of Discrimination Against Women (CEDAW) Sixth Report Writing Group" at the Ministry of Social Welfare, Relief and Resettlement, Nay Pyi Taw on 27 April and 2 June 2023.

## MNHRC Gives Human Rights Lecture at Institute of Development Administration (Mingaladon)

June 27

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Daw Mi Mi Khaing, Deputy Director gave lectures on human rights at Administration officer Grade (1) Training Course (1/2023) held at Institute of Development Administration (Mingaladon) of General Administration Department on 27 June 2023 from 1:00 pm to 3:50 pm. In doing so, Deputy Director Daw Mi Mi Khaing delivered the lecture on Human Rights Concept, Universal Declaration of Human Rights and Organization and Functions of Myanmar National Human Rights Commission. After that the lecturer answered the questions asked by the trainees. A total of 100 officers attended the above-mentioned course.



# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့် ဇော်ဂျီ
လမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်းအနောက်
ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း-၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း-၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm